
# သိန်းငှက်မျက်လုံး

(ဒုတိယတွဲ)



မိုးမြင့်မောင်

# သိန်းငှက်မျက်လုံး

## [ဒုတိယတွဲ]

မိုးမြင့်မောင်

## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | - | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | - | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | - | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အမှာစကား

ပွဲဦးထွက် သိန်းငှက်မျက်လုံးအား တစ်ခဲနက် အားပေးခဲ့သောစာဖတ်ပရိသတ်အပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါသည်။ အများတောင်းဆိုချက်အတိုင်း **သိန်းငှက်မျက်လုံး (ဒုတိယတွဲ)** ကို တင်ဆက်လိုက်ပါသည်။

ဤစာအုပ်တွင်ကဏ္ဍသစ်များနှင့် စာမျက်နှာများ ပိုမိုအားဖြည့်ထားရုံမက၊ ပုံထူးပုံဆန်းများလည်းထည့်သွင်းဖော်ပြထားသည်။

သိန်းငှက်မျက်လုံးစာအုပ်များတွင်ပါဝင်သော စက္ခုသွေဖယ်မှုပုံများသည် ဦးနှောက်ကို ဖွံ့ဖြိုးတိုးတက်စေရုံမက၊ အတွေးအခေါ်ကိုလည်း ပိုမိုရင့်ကျက်စေပါသည်။ မြန်မာကျောင်းသူကျောင်းသားလူငယ်များ ဉာဏ်ပညာ ထက်မြက်စေရန်နှင့် အတွေးအခေါ်ပိုမိုရင့်ကျက်စေရန် ရည်ရွယ်ချက်ဖြင့် ဤသိန်းငှက်မျက်လုံး (ဒုတိယတွဲ) ကို တင်ဆက်လိုက်ခြင်းဖြစ်ပါသည်။

မိုးမြင့်မောင်
(အယ်ဒီတာချုပ်)
**Top English** မဂ္ဂဇင်း

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် – ၄၀၀၃၆၀၀၆၀၃
မျက်နှာဖုံးခွင့်ပြုချက် – ၄၀၀၃၇၇၀၆၀၄
မျက်နှာဖုံးစိတ်ကူး/ဒီဇိုင်း – မိုးမြင့်မောင် (ဆရာဝီလျံ)
မျက်နှာဖုံးဖလင် – STARS(၃၃ လမ်း)
မျက်နှာဖုံးနှင့် – ဦးသိန်းထွန်း(၀၄၈၂)
အတွင်းပုံနှိပ် – သိန်းထွန်းအော့ဖ်ဆက်
အမှတ်(၅၀/၅၂)၊ ဒဂုံသီရိလမ်း
ကျောက်မြောင်းကြီးရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ – ရဲအောင်စာပေ
ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
အမှတ်(၂)၊ ချွန်းလမ်း(၁)
မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့
အုပ်ရေ – ၁၀၀၀
တန်ဖိုး – 1000
ဖြန့်ချိရေး –
အမှတ် (၄၂)၊ ရှမ်းကုန်းလမ်း
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်
ရန်ကုန်မြို့။ ဖုန်း – ၅၁၆၅၄၈

# မာတိကာ


| | | |
|---|---|---|
| ◉◉ | ဘာမြင်သလဲ | ၁ |
| ◉◉ | ပေတံမသုံးနဲ့ | ၁၇ |
| ◉◉ | အဝိုင်းနဲ့လေးထောင့် | ၂၉ |
| ◉◉ | ပုန်းနေသောစာလုံးများ | ၃၅ |
| ◉◉ | မျက်နှာများတဲ့ စာမျက်နှာ | ၄၉ |
| ◉◉ | လက်တွေ့ကဏ္ဍ | ၅၇ |
| ◉◉ | နှစ်ပေါင်းတစ်ရာကျော်က သိန်းငှက်မျက်လုံးများ | ၆၉ |
| ◉◉ | သုံးဘက်မြင် 3D ရုပ်ကြွပုံဆန်းများ | ၈၅ |
| ◉◉ | မဖြစ်နိုင်ဘူး | ၉၇ |
| ◉◉ | ဇောက်ထိုးမိုးမျှော် | ၁၀၉ |
| ◉◉ | ထူးဆန်းသောပန်းချီကားများ | ၁၁၈ |
| ◉◉ | သတိ မျက်စိလည်မယ် | ၁၂၅ |
| ◉◉ | ဩော် ... ဒါလား | ၁၃၆ |
| ◉◉ | သဘာဝ သိန်းငှက်မျက်လုံးများ | ၁၄၇ |


## မိုးမြင့်မောင်၏ ပုံနှိပ်ထုတ်ဝေပြီးသော စာအုပ်များ

* ထူးဆန်းထွေလာ ပြည်မြန်မာ (ပထမတွဲ)
* ထူးဆန်းထွေလာ ပြည်မြန်မာ (ဒုတိယတွဲ)
* ထူးဆန်းထွေလာ ပြည်မြန်မာ (တတိယတွဲ)
* ဒဿနပန်းခင်း (ပထမတွဲ)
* ဒဿနပန်းခင်း (ဒုတိယတွဲ)
* ဒဿနပန်းခင်း (တတိယတွဲ)
* ဒဿနပန်းခင်း (စတုတ္ထတွဲ)
* သိန်းငှက်မျက်လုံး (ပထမတွဲ)


# ကြည့်ပုံ ကြည့်နည်း အညွှန်း

## ၁။ မျက်နှာဖုံး ရှင်းလင်းချက်

ရှေ့မျက်နှာဖုံးကို အမှတ်တမဲ့ကြည့်လိုက်လျှင် ဦးထုပ်ဆောင်းထားသော လူတစ်ဦး၏မျက်နှာပုံကို မြင်ရလိမ့်မည်။ သို့သော် အသေအချာပြန်ကြည့်လျှင် ထိုလူ၏မျက်နှာကို တိရစ္ဆာန်(၂၆)ကောင်ဖြင့် ပုံဖော်ထားသည်ကို အံ့သြစွာတွေ့မြင်ရပါလိမ့်မည်။

## ၂။ သုံးဘက်မြင် 3D ရုပ်ကြွပုံဆန်းများ

ပုံတစ်ပုံစီ၏အထက်၌ရှိသော အမည်းစက်နှစ်စက်ကို သုံးစက်ဖြစ်အောင် သင်၏မျက်စိများကို ဇွေပြီးကြည့်ပါ။ ထူးဆန်းသောရုပ်ပုံများ စာမျက်နှာအပြင်သို့ ကြွတက်လာသည်ကို ထူးဆန်းစွာမြင်ရပါမည်။



# ဘာမြင်သလဲ

## ဒါဘာပုံ ဖြစ်မလဲ



ပုံမပေါ်ရင် ခပ်လှမ်းလှမ်းက ကြည့်ပါ။ လက်ငါးချောင်းပုံ ဖြစ်ပါတယ်။ အနက်ရောင်တွေက အဲဒီလက်ငါးချောင်းရဲ့ အရိပ်တွေဖြစ်တယ်။

## မေမေ့ သားသားလေးလား




မိခင်တစ်ဦးက သားငယ်ကလေးကို မြှောက်ချီထားတာ တွေ့လား။ လူတစ်ဦးက နောက်တစ်ဦး (ပုလွေမှုတ်နေသူ)ကို ကုန်းပိုးထားပုံကိုလည်း တွေ့နိုင်ပါသေးတယ်။

# ဘာကို ပုံဖော်ထားပါလိမ့်



အမည်းတွေ အဖြူတွေက ဘာကို ပုံဖော်နေပါလိမ့်။
ခုံတန်းရှည်ပေါ်ထိုင်ပြီး တွေးတောနေတဲ့လူတစ်ဦးရဲ့ပုံပါ။

# သူဘယ်သူလဲ



စာအုပ်ကို ခပ်လှမ်းလှမ်းက ကိုင်ပြီး ပုံရဲ့အလယ်ကို အာရုံစိုက်ကြည့်ပါ။ နာမည်ကြီးရုပ်ရှင်မင်းသမီး "မွန်ရိုး" (Monroe) ရဲ့ မျက်နှာကို ရေးရေးလေးမြင်ရမယ်။

# ပထဝီ ကျွမ်းရင် လွယ်ပါတယ်



မျက်စိရှင်ရှင်ထားကြည့်ပါ။ ဥရောပအလယ်ပိုင်းပြ မြေပုံဖြစ်တယ်။ အဖြူရောင်တွေက ကုန်းမြေဖြစ်ပြီး အနက်ရောင်က ရေတွေဖြစ်တယ်။
[ပုံအလယ်လောက်မှာ ဖိနပ်ပုံပေါ်နေတာက အီတလီနိုင်ငံဖြစ်တယ်။]

# ရေသတ္တဝါမှ ကုန်းသတ္တဝါသို့




ပုံမှာမြင်ရတဲ့ ဖားကလေးကို မြင်းဘဝပြောင်းပေးနိုင်မလား။
[စာအုပ်ကို နာရီလက်တံပြောင်းပြန်အတိုင်း ဇဝ်လှည့်လိုက်ပါ။
မြင်းရဲ့ဦးခေါင်းကို တွေ့ရမယ်။]

# ကလေးတစ်ယောက်လား
# နှစ်ယောက်လား



ပုံမှာ ဝဝတုတ်တုတ်ကလေးရုပ်ကို မြင်နိုင်တယ်။ ဒါပေမဲ့ မျက်နှာတစ်ခြမ်းစီကို တစ်ခါစီအုပ်ကြည့်ရင် မျက်နှာချင်းဆိုင်နေတဲ့ ကလေးနှစ်ယောက်ကို တွေ့ရမယ်။


# ဘာမြင်သလဲ



အစက်အပြောက်တွေကြားထဲမှာ ဘာမြင်သလဲ။
ခပ်လှမ်းလှမ်းကကြည့်ရင် ပိုထင်ရှားပါတယ်။


[မော်တော်ကားတစ်စီးရဲ့ပုံဖြစ်ပါတယ်။]

# ညစာစားပွဲ မှ ဒီစုံတွဲ



ညစာစားပွဲတက်ရောက်လာတဲ့စုံတွဲကို တွေ့လား။ [အမျိုးသား ကြီး က လက်ကိုင်ပုဝါတစ်ထည်ကိုင်လို့ ။] ဒုတိယအကြိမ်ပြန် ကြည့်ရင် ဆပ်ကပ်ပွဲထဲက ဖျံလိမ္မာကလေး နှုတ်သီးပေါ် ဘောလုံး တင်ပြကစားနေတာလည်း တွေ့ရမယ်။ [သူ့ဆရာက ဘေးနားမှာ ကြိမ်တံကလေးကိုင်ပြီး ရပ်နေတယ်။]


# ငါးထောင့်ကြယ်ကလေး ရှာပေးပါ



ဒီပုံထဲမှာ ငါးထောင့်ကြယ်တစ်ခု ဖုက်ထားတယ်။ ရှာလို့ရလား။

[ပုံရဲ့အောက်ပိုင်း ယာဘက်မှာ တွေ့နိုင်တယ်။]

# မောင့်တစ်မျက်နှာ



ရုတ်တရက်ကြည့်လိုက်ရင် မျဉ်းဖြောင့်တွေ ချည်းပဲလို့ထင်လိမ့်မယ်။ သေသေချာချာ ကြည့်ရင် လူမျက်နှာတစ်ခု မြင်ရမယ်။ [ဝဲဘက်ကို မျက်နှာမူနေတယ်။]

# ဘာတွေစိတ်ကူးနေပါလိမ့်



ဒီဇနီးမောင်နှံ ဘာတွေစိတ်ကူးနေပါလိမ့်။ ဩော် သားရတနာကလေးကို စိတ်ကူးနေတာကိုး။ သူတို့စိတ်ကူးနေတဲ့ သားယောကျ်ားကလေးကို မြင်လား။ မမြင်ရင် နောက်စာမျက်နှာကို လှန်ကြည့်ပါ။

# ဘာတွေစိတ်ကူးနေပါလိမ့်
## [အဖြေ]



ဇနီးမောင်နှံစိတ်ကူးယဉ်နေတဲ့သားရတနာကို ပုံအပြည့် မြင်နိုင်ပါတယ်။ ကလေးရဲ့ သဏ္ဌာန်ကိုမှင်ထူထူနဲ့ ဖော်ပြထားပါတယ်။

# ပျောက်နေသော ကောင်းဘွိုင်



ဒီအစက်အပြောက်တွေထဲမှာ မြင်းစီးနေတဲ့ ကောင်းဘွိုင်တစ်ယောက် တွေ့ရမယ်။ [ပုံအလယ်ရဲ့အပေါ်ဆုံးက အနက်ရောင်ဟာ အဲဒီ ကောင်းဘွိုင်ရဲ့ ဦးထုပ် ဖြစ်တယ်။]

# အပျော်ကြီးပျော်နေသူ



ဒီလူကြီးရဲ့ မျက်နှာမှာ ကြီးမားတဲ့ပျော်ရွှင်မှုကြီးကို မြင်သလား။ မျက်လုံးအစုံကို သေသေချာချာပြူးပြီးကြည့်လိုက်ပါဦး။ **BIG FUN** ဆိုတဲ့ စာလုံးတွေ တွေ့ရမယ်။ **B** နဲ့ **G**က သူ့မျက်လုံးတွေဖြစ်ပြီး **U** က သူ့ပါးစပ်ဖြစ်တယ်။

# ပေတံမသုံးနဲ့

# ကိုလောရှည်ကို ရှာပေးပါ



ဒီပြေးနေတဲ့လူနှစ်ယောက်မှာ ဘယ်သူက ပိုအရပ်ရှည်သလဲ။
အပေါ်ကလူ အရပ်ပို မရှည်ဘူးလား။

[အရပ်အတူတူပဲ။]

# ဘယ်အကွက်က ပိုကြီးသလဲ



အဖြူကွက်နဲ့ အမည်းကွက်မှာ ဘယ်အကွက်က ပိုကြီးပါသလဲ။
အဖြူကွက်က နည်းနည်းလေးပိုကြီးတယ်လို့ ပြောရင် မှားတယ်။
နှစ်ခုစလုံး အရွယ်အစား အတူတူပါပဲ။


# လူရွှင်တော်၏ ဘောလုံးများ



လူရွှင်တော်မြှောက်ကစားနေတဲ့ဘောလုံးကြီးနှစ်လုံးမှာ ဘယ်ဘောလုံးက ပိုကြီးသလဲ။ ဘောလုံးအကြီးတွေ ရံထားတဲ့ ဘောလုံးအသေးလား၊ ဘောလုံးအသေးတွေ ရံထားတဲ့ ဘောလုံးအကြီးလား။


[။ဂ္ဂဂဝ်ဝ်ဧ]

# မျက်စိလည်စေမယ့် မီးအိမ်





ဒီမီးအုပ်ဆောင်းရဲ့ အပေါ်ဘက် A B နဲ့ အောက်ဘက် C D၊ ဘယ်ဟာကပိုရှည်ပါသလဲ။ပေတံမသုံးဘဲ ကြည့်ရင် AB က ပိုရှည်တယ်လို့ ထင်ရတယ်။ ပေတံသုံးကြည့်ရင် အတူတူပဲဆိုတာ တွေ့ရမယ်။

# အရွယ်တူပါလေစ





ဒီပုံထဲက 'A' မျဉ်းနဲ့ 'B' မျဉ်း ဘယ်မျဉ်းက ပိုရှည်သလဲ။
'B' မျဉ်းပိုရှည်သလိုလိုပါပဲ။ ဒါပေမဲ့ ပေတံနဲ့တိုင်းကြည့်ရင်
အတူတူပါပဲ။

# မျက်စိ ကောင်းပါတယ်နော်





သင့်အိမ်နဲ့ကျွန်ုပ်အိမ် ... ဘယ်အိမ်ကပိုကြီးပါသလဲ။
ပေတံနဲ့တိုင်းကြည့်လိုက်ရင် အဖြေပေါ်လာမှာပါ။

# လုံးဝမဖြစ်နိုင်ဘူး



ပုံထဲမှာမြင်ရတဲ့ စားပွဲနှစ်လုံးမှာ ဘယ်စားပွဲက ပိုရှည်ပါသလဲ။ ဝဲဘက်စားပွဲပိုရှည်တာပေါ့လို့ ပြောကြမှာပါ။။ တကယ်တော့ အရှည်ချင်းတူရုံမက ပုံသဏ္ဌာန်ချင်းလည်းအတူတူပါပဲလို့ ပြောရင် "လုံးဝမဖြစ်နိုင်ဘူး" လို့ပြောကြမယ်။ စားပွဲနှစ်လုံးရဲ့ အရှည်ရော ဖြက်ပါတိုင်းကြည့်ပါ။

# စောင်းနေသော မျဉ်းဖြောင့်များ




ခရေပွင့်တွေကို ဖြတ်သွားတဲ့မျဉ်းတွေဟာ မဖြောင့်ဘူးလို့ ထင်ရပေမယ့် ပေတံနဲ့တိုင်းကြည့်ရင် လုံးဝဖြောင့်နေတာတွေ့ရမယ်။

# ဘယ်အဆောက်အဦး ပိုရှိုင်ပါသလဲ




ဒီအဆောက်အဦးနှစ်ခုမှာ ဘယ်အဆောက်အဦးရဲ့တိုင်လုံးတွေက
ပိုထူသလဲ။ [တိုင်းကြည့်ပြီးပြီလား။ အတူတူပဲလေ။]

# အလျား အနံ တူပါလေစ



ဒေါင်လိုက်အစက်နဲ့အလျားလိုက် အစက်နှစ်စက် အကွာအဝေး ချင်း တူပါသလား။ [ဒီတစ်ခါတော့ အတူတူပဲလို့ပြောရင် မှားပြီ။ ပေတံသုံးပြီးတိုင်းကြည့်ပါ။]


# ဖောင်းနေသော စတုရန်းလော



ပုံရဲ့အလယ်က စတုရန်းကွက်ဟာ ဘေးနှစ်ဘက်ဖောင်းနေတာ တွေ့ရမယ်။ ဒါအမြင်သွေဖယ်လို့ပါ။ စတုရန်းကွက်ရဲ့အနား လေးဘက်စလုံး ဖြောင့်တန်းနေပါတယ်။


# အဝိုင်းနဲ့
# လေးထောင့်

# လည်နေသော စက်ဝိုင်း များ




ပုံထဲမှာ မြင်ရတဲ့စက်ဝိုင်း နှစ်ခုကို စိုက်ကြည့်နေရင်စက်ဝိုင်းတွေ ဖြည်းဖြည်းချင်းလည်နေတာ တွေ့ရမယ်။ [စက်ဝိုင်းတွေရဲ့ အလယ်ကိုကြည့်ရင် ပိုသိသာပါတယ်။]

# အလယ်တွင်ချိုင့်နေသော စတုရန်း




ဒီစက်ဝိုင်းထဲက စတုရန်းကွက်ရဲ့အနားလေးဘက်ဟာ အတွင်းကို နည်းနည်းချိုင့် ဝင်မနေဘူးလား။ ပေတံနဲ့တိုင်းကြည့်ရင် ဖြောင့်တန်း နေတာကို အံ့သြစွာ တွေ့မြင်ရမယ်။

# ကျစ်လိမ်နေသော စက်ဝိုင်းများလား




တစ်ခုနဲ့တစ်ခုရစ်ခွေနေတဲ့ စက်ဝိုင်းနှစ်ခုလို့ထင်ကြမယ်။
စက်ဝိုင်းကြီးနဲ့ စက်ဝိုင်းကလေး သီးခြားစက်ဝိုင်းနှစ်ခုပါ။

# ပေတံလုံးဝ လိုမယ်



ဒီစက်ဝိုင်းက ဘာများထူးလို့လဲလို့ မေးလာမယ့်သူတွေအတွက် "ထူးတယ် .... အားကြီးထူးတယ်" လို့ပဲ ဖြေလိုက်ရမယ်။ ဒီစက်ဝိုင်းကို မျဉ်းဖြောင့်တွေနဲ့ချည်း ဆွဲထားတာဖြစ်တယ်။

# စက်ဝိုင်းပုံလား ဘဲဥပုံလား



စက်ဝိုင်းကလည်း ဝိုင်းစက်မနေဘဲ ဘဲဥပုံဖြစ်နေပါလားလို့ ထင်ရင် မှားသွားမယ်။ သေသေချာချာပြန်ကြည့်ပါ။ စက်ဝိုင်း စစ်စစ်ဖြစ်တယ်။

# ပုန်းနေသော စာလုံးများ

# ပျောက်သွားလို့ လိုက်ရှာနေတယ်



ပန်းဥယျာဉ်ထဲမှာ **SALLY** ဆိုတဲ့ ကောင်မလေးကိုတွေ့လား။
မတွေ့ရင်ကျောဘက်စာမျက်နှာကို ကြည့်ပါ။

# ကောင်မလေးကို တွေ့ပြီ




ပန်းခြုံတွေကြားထဲ ပြေးဆော့နေတဲ့ **SALLY** ကို တွေ့ပြီပေါ့နော်။

# ပညာအမွေ ဆက်ခံစေ




**Teach**(စာသင်ကြားသည်)ကို မှန်ပေါ်ထောင်ကြည့်တော့
**Learn** (စာသင်ယူသည်)ဆိုတဲ့ စာလုံးပေါ်လာပါလေရော။
**Teach** နဲ့ **Learn** က ဒွန်တွဲနေတာကိုး။

# အာရဗီ တတ်စရာ မလိုပါ



ပုံထဲမှာရေးထားတဲ့စာသားကိုဖတ်တတ်ဖို့ အာရဗီစာ စကား တတ်စရာ မလိုပါဘူး။ စာအုပ်ကို ပြောင်းပြန် ကိုင်ဖတ်ရင် သင့်ကို သတိပေးနေတဲ့ ဝါကျတစ်ကြောင်းရရှိမယ်။

[GET BACK TO WORK လို့ ရေးထားတာ ဖြစ်ပါတယ်။]


# အနုပညာဆိုတာ ဒါပါပဲ



ဒီပုံမှာ ဘာအင်္ဂလိပ်စာလုံးကိုမြင်ရသလဲ။

[ART ဆိုတဲ့စကားလုံး ရေးထားတာ ဖြစ်တယ်။]

# လမ်းမှန်ရင် မြင်နိုင်ပါတယ်



ဟောဒီပုံမှာ ဝှက်ထားတဲ့စာလုံးကို ရှာရမှာတော့ အခက်အခဲ နည်းနည်းတွေ့ရမယ်။

[**WAY** ဆိုတဲ့စာလုံး ရေးထားတာပါ။]

# သင်နဲ့ ကျွန်ုပ်ကို မြင်ပါသလား




ကောင်းကင်ထဲမှာ လွင့်နေတဲ့ **'ME'** (ကျွန်ုပ်)ဆိုတဲ့စာလုံးကို သေသေချာချာကြည့်ရင် **'YOU'** (သင်)ဆိုတဲ့စာလုံးကိုပါ မြင်ရမယ်။

# အဆိုးနဲ့အကောင်းဒွန်တွဲလျက်



**EVIL** (အဆိုး)ဆိုတဲ့စာလုံးထဲမှာ **GOOD** (အကောင်း) ဝိုင်းရံထားတဲ့ သဘာဝတရားကို ထင်ထင်ရှားရှားမြင်ရမယ်။

## အတုရှိတာ အစစ်ရှိလို့ပေါ့




အတုအယောင်မှာ အစစ်အမှန်ရှိတယ်ဆိုတာ သက်သေပြထားခြင်းပဲဖြစ်တယ်။ **FALSE** ရဲ့အောက်ခြေဝဲဘက်ကို သေသေချာချာကြည့်ပါ။ **TRUE** ဆိုတဲ့စာလုံးကို တွေ့ရမယ်။

# တကယ့် စက္ကူသွေဖယ်မှုပါလား



လှပတဲ့ပန်းခင်းလေးထဲမှာ စက္ကူသွေဖယ်မှုကလေးတစ်ခု တွေ့လား။ **OPTICAL ILLUSION** လို့ရေးထားတယ်။

# ထူးဆန်းသော မိုနိုဂရမ်



မိုနိုဂရမ် **(Monogram)** ဆိုတာ အက္ခရာတစ်လုံးကို ပန်းစာလုံးနဲ့ ဖော်ထားခြင်းဖြစ်တယ်။ ဒီမိုနိုဂရမ်ကတော့ အရမ်းထူးဆန်းတယ်။ **A, B, C, D** အက္ခရာ ၂၆လုံးစလုံး ပါနေလို့ပေါ့။ မယုံရင် ရှာကြည့်လေ။




**Wordplay** (စာလုံးဖြင့်ကစားခြင်း) ဆိုတာ မြင်မှာပေါ့။
စာအုပ်ကို ဖောက်ထိုးကိုင်ပြီး ဖတ်လိုက်ရင် ဘာမြင်သလဲ။
**Wordplay** ပဲပေါ့။

## ဇောက်ထိုးမိုးမျှော် အင်္ဂလိပ်စာလုံး



**'UPSIDE DOWN'** ဆိုတာ "ဇောက်ထိုးမိုးမျှော်"တဲ့။
စာအုပ်ကို ဇောက်ထိုးမိုးမျှော် ကိုင်ကြည့်ပါလား။

# မျက်နှာများတဲ့
# တမျက်နှာ

# ရှုခင်းထဲက သူ့မျက်နှာ



ရုတ်တရက်ကြည့်လိုက်ရင် လူကြီးတစ်ယောက်ရဲ့မျက်နှာကိုပဲ မြင်ရမယ်။ အသေအချာကြည့်ရင် သဘာဝအလှကို အခန့်သား ထိုင်ပြီး ခံစားနေတဲ့ လူငယ်ကိုလည်း တွေ့ရမှာပါ။

[လူကြီးရဲ့နှာခေါင်းဟာ လူငယ်ရဲ့ ခန္ဓာကိုယ်ဖြစ်တယ်။]

# မျက်နှာများတဲ့သစ်ပင်ကြီး



ရိုးရိုးသစ်ပင်ကြီးတစ်ပင်လို့ မထင်လိုက်ပါနဲ့၊ အဲဒီသစ်ပင်ရဲ့ ပင်စည်နဲ့သစ်ကိုင်းတွေကြားထဲမှာ မျက်နှာခြောက်ခု တွေ့ရမယ်။

# ကြောင်မျက်နှာထဲက စားပွဲတစ်ခု



ကြောင်တစ်ကောင်ရဲ့မျက်နှာပါလို့ ပြောပေမယ့် တကယ်တော့ စားပွဲတစ်လုံးမှာ လူနှစ်ယောက်ထိုင်ပြီး အစာစားနေကြတဲ့ပုံပါ။ [ကြောင်ရဲ့မျက်လုံးနှစ်လုံးဟာ လူနှစ်ဦးရဲ့ဦးခေါင်းတွေဖြစ်တယ်။]

# ဒီက စောင့်နေသူ



ဟောဒီလူမည်းတစ်အုပ်စုက သူတို့ရဲ့ ဆွေမျိုးတစ်ဦးအလည် လာမယ်ဆိုလို့ စောင့်နေကြတယ်။ အလည်လာမယ့်ဧည့်သည်ကို တွေ့ချင်ရင် စာအုပ်ကို ယာဘက်ကို (၉၀) ဒီဂရီ လှည့်လိုက်ပါ။

# ဆပ်ကပ်ဝိုင်းတော်သားများ



ဆပ်ကပ်ပွဲထဲက လူပြက်တစ်ယောက်ရဲ့မျက်နှာပါ။ သူ့ရဲ့ ဆပ်ကပ်ဝိုင်းတော်သားတွေကို မြင်လား။ စာအုပ်ကို ယာဘက်ကို (၉၀)ဒီဂရီလှည့်ကြည့်ပါ။

# ရေနတ်ဘုရားနဲ့သမီးတော်




“ပိုဆိုက်ဒွန်” (Poseidon) ရေနတ်ဘုရားကြီးရဲ့ပုံဖြစ်ပါတယ်။ သူ့ရဲ့သမီးတော်ကလေးကို ရှာလို့တွေ့လား။ မျက်နှာရဲ့ဝဲဘက်ခြမ်းမှာ ရေသူမလေးအဖြစ်နဲ့ မြင်နိုင်ပါတယ်။

# ရှုခင်းထဲက ပန်းချီဆရာများ



ဒီရှုမျှော်ခင်းပုံမှာရှေးအီတာလျံပန်းချီကျော်လေးဦးရဲ့မျက်နှာတွေ မြင်လား။ မမြင်ရင် စာအုပ်ကို ဝဲဘက်ကတစ်ကြိမ် လှျပ်ကြည့်ပါ။ ပန်းချီဆရာနှစ်ဦးရဲ့မျက်နှာကိုမြင်ရမယ်။ ယာဘက်က တစ်ခါပြန်ပြီး လှျပ်ကြည့်ပါ။ နောက်ထပ်ပန်းချီဆရာနှစ်ဦးရဲ့မျက်နှာကို မြင်ရမယ်။



# လက်တွေ့ကဗျာ

# သင်ပိုင်သော နတ်မျက်စိ




သင့်မှာ နတ်မျက်စိရှိတာယုံပါသလား။ ဒီပုံကို ကြည့်ရင်း(၁) ကနေ (၄၀)အထိ ရေတွက်ပါ။ ပြီးရင် ယာဘက်ခြမ်းက စာမျက်နှာ အလွတ်ကို စူးစိုက်ကြည့်နေရင် သူမရဲ့ဓာတ်ပုံကို ပကတိလူ အတိုင်း အံ့သြစွာ မြင်ရလိမ့်မယ်။

# ဆွဲထားကွ ဆွဲထား




မျက်လုံးတစ်ဘက်စီကို မှိတ်ချည်ဖွင့်ချည် တစ်လှည့်စီ အဆက်မပြတ် မြန်မြန်လေးလုပ်ကြည့်ပါ။ တီကောင်နှစ်ကောင် သူနိုင်ကိုယ်နိုင် လွန်ဆွဲနေတာမြင်ရမယ်။

# ရွေ့လျားနေသော အစက်အပြောက်များ



ဒီပုံကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်ပါ။ အစက်အပြောက်ကလေးတွေ ရွေ့လျားနေတာတွေ့ရမယ်။


# အိပ်(စ်)ရေး မှန်ပြောင်း





စက္ကူတစ်ရွက်ကိုပုံမှာပြထားတဲ့အတိုင်း လိပ်လိုက်ပါ။ ပြီးရင် ယာဘက်လက်နဲ့ကိုင်ပြီး ယာဘက်မျက်လုံးနဲ့စက္ကူလိပ်ထဲကို ကြည့်ပါ။ တစ်ချိန်တည်းမှာ ဝဲဘက်လက်ဝါးကို ဖြန့်ပြီး စက္ကူလိပ် နဲ့ ဘေးချင်းယှဉ် ထိထားပါ။ မျက်စိနှစ်ဘက်စလုံးကို ပြိုင်တူဖွင့် ထားရင် ဒုတိယပုံထဲမှာပြထားတဲ့အတိုင်း လက်ဝါးပြင်မှာ အပေါက်ကြီး ထုတ်ချင်းပေါက်နေတာ အံ့သြစွာမြင်ရမယ်။

# တတိယ လက်ညှိုး



သင့်ရဲ့ဝဲဘက်လက်ညှိုးကို သင့်နှာခေါင်းရှေ့(၉)လက်မအကွာခန့်မှာ ထောင်ပြီး စူးစိုက်ကြည့်နေပါ။ ယာဘက်လက်ညှိုးကိုလည်း ဝဲဘက်လက်ညှိုးရှေ့(၉)လက်မအကွာခန့်မှာ နှာခေါင်းနဲ့ တစ်တန်းတည်းကျအောင်ထောင်ပါ။ ဝဲဘက်လက်ညှိုးကို စူးစိုက်ကြည့်နေရင် အဲဒီလက်ညှိုးရဲ့တစ်ဘက်တစ်ချက်စီမှာ ယာဘက်လက်ညှိုးနှစ်ချောင်းမြင်ရမယ်။


# လိပ်ပြာဖမ်းနေသော ချာတိတ်






စာအုပ်ကို ခပ်လှမ်းလှမ်းမှာထောင်ထားပါ။ ဝဲဘက်မျက်လုံးကို ပိတ်၊ ယာဘက်မျက်လုံးနဲ့ လုလင်ကလေးကိုကြည့်ရင်း စာအုပ်ကို စာဖတ်သူရှိရာသို့ ဖြည်းဖြည်းချင်းယူလာပါ။ လိပ်ပြာကလေး မြင်ကွင်းထဲက ပျောက်သွားပါလိမ့်မယ်။

# အံ့ဖွယ် ရုပ်မြင် ပိတ်ကား




ထူးဆန်းတဲ့ TV ဖန်သားပြင်တစ်ခု လုပ်ကြည့်ကြစို့။ ပေးထားတဲ့ ဆီစိမ်စက္ကူကို ယူပါ။ မှင်အနက် ဒါမှမဟုတ် မှင်အပြာနဲ့ မျဉ်းစိပ်စိပ်တွေ အပြည့်တားပါ။ ပြီးရင် အဲဒီ မျဉ်းတွေကို ကန့်လန့်ဖြတ်ပြီး နောက်ထပ်မျဉ်းစိပ်စိပ်တွေ အပြည့်တားလိုက်ပါဦး။ ပြီးရင် စာရေးထားတဲ့ စာမျက်နှာပေါ်တင်လိုက်ပါ။ ဆီစိမ်စက္ကူအောက်က စာကို လုံးဝဖတ်လို့မရပါ။ ဒါပေမဲ့ စက္ကူကို ဘယ်ညာ နည်းနည်းလှုပ်ပေးလိုက်ရင် အောက်ကစာတွေကို ထင်းထင်းကြီး မြင်ရလိမ့်မယ်။

# 3D အပ်ချောင်းကလေးများ




မျက်စိတစ်ဘက်ကိုပိတ်ပြီး စာအုပ်ကို ယာဘက်နည်းနည်းစောင်း ကြည့်လိုက်ပါ။ အပ်ချောင်းကလေးတွေ စာမျက်နှာပေါ် ထိုးထိုး ထောင်ထောင် ထွက်နေတာ မြင်ရမယ်။

# သုံးဘက်မြင် ရဲတိုက်ကြီး



စောစောကလိုပဲ မျက်စိတစ်ဘက်ပိတ်ပြီး စာအုပ်ကို ယာဘက်နည်းနည်းစောင်းပြီး လှုပ်ကြည့်လိုက်ပါ။ 3D လိုမျိုး ကြွနေတဲ့ ရဲတိုက်ကြီးတစ်ခုကို မြင်ရမယ်။

# မြွေကို အစာကျွေးကြစို့



နှာခေါင်းနဲ့မျဉ်းပြတ်တွေတစ်တန်းတည်းထားပြီး စာအုပ်ကို လက်တစ်ကမ်းအကွာမှာ ဖြန့်ကိုင်ထားရင်းက စာရှုသူဘက်ကို ဖြည်းဖြည်းချင်းယူလာပါ။ ဗိုက်စာနေတဲ့မြွေကြီး ဗိုက်ပြည့်သွားတာကို မြင်ရလိမ့်မယ်။

# နှစ်ပေါင်းတစ်ရာကျော်က
# သိန်းငှက်မျက်လုံး

အခုဖော်ပြမယ့် ပန်းချီကားတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာ ကျော်လောက်က ရေးဆွဲခဲ့တဲ့ ပန်းချီကားတွေ ဖြစ်ပါတယ်။ (၁၈၁၀)ပြည့်နှစ်ဝန်းကျင်လောက်ကဖြစ်ပါတယ်။ အဲဒီပန်းချီကား တွေဟာ ရိုးရိုးပန်းချီကားတွေမဟုတ်ဘဲ ပဟေဠိဆန်ဆန်ဆွဲ ထားတဲ့ပန်းချီကားတွေဖြစ်တယ်။ နှစ်ပေါင်း(၁၀၀)ကျော်တုန်းက ရေးဆွဲထားတဲ့ပန်းချီကားတွေဆိုတော့ ဝတ်စားဆင်ယင်မှုတွေ ဟာ ခုခေတ်နဲ့ကွာခြားနေတာ တွေ့ရမယ်။ ကိုင်း သူတို့ခေတ်က သိန်းငှက်မျက်လုံးတွေကို အဖြေရှာကြည့်ကြရအောင်။

# စစ်သားဖာနည် ဘာမထိ



တိုင်းပြည်တာဝန် အပြည့်ထမ်းဆောင်နေတဲ့ စစ်သား တစ်ဦးရဲ့ ပုံကို ရှာပေးပါ။ [နောက်စာမျက်နှာကိုကြည့်ပါ။]

# စစ်သားဇာနည် ဘာမထိ
## [အဖြေ]



သေနတ်ထမ်းထားတဲ့စစ်သားကို သစ်ပင်အကွယ်မှာမြင်ရမယ်။
[စာအုပ်ကို ပြောင်းပြန်ကိုင်ကြည့်ပါ။]

# မြွေအလမ္ပာယ် ဒုက္ခအသွယ်သွယ်



မြွေအလမ္ပာယ်ဆရာဟာ ပုလွေနဲ့တီးမှုတ်နေပေမယ့် မြွေက ထွက်မလာဘူး။ မြွေဘယ်ရောက်နေသလဲဆိုတာ ရှာပေးပါ။ [နောက်စာမျက်နှာကိုကြည့်ပါ။]

## မြွေအလမ္မာယ် ဒုက္ခအသွယ်သွယ်
## [အဖြေ]



မြွေအလမ္မာယ်ဆရာရဲ့ ဝဲဘက်လက်မောင်းပေါ် တွယ်တက်နေတာကိုး။

# သမီးနဲ့ သားမက် ရှာပုံတော်



ဒီလူဂုဏ်တန်ကြီးဟာ သူ့သမီးနဲ့သူ့သားမက် သူ့နှာခေါင်း အောက်တင် ပျောက်သွားတယ်တဲ့၊ ဘယ်များရောက်သွားကြ ပါလိမ့်၊ [နောက်စာမျက်နှာကိုကြည့်ပါ။]

## သမီးနဲ့သားမက် ရှာပုံတော်
## [အဖြေ]



နှာခေါင်းအောက်ကနေ နှာခေါင်းအပေါ်ရောက်သွားတာကို။
[စာအုပ်ကိုဘေးတိုက်ကိုင်ကြည့်ပါ။]

# လူ့မိတ်ဆွေစစ်



ပုံထဲမှာခွေးလိမ္မာကလေးတစ်ကောင်ကို တွေ့ရမယ်။ အဲဒီခွေးရဲ့ ပိုင်ရှင်ကိုရော တွေ့ရဲ့လား။ [နောက်စာမျက်နှာကိုကြည့်ပါ။]

# လူ့ မိတ်ဆွေစစ်
[အဖြေ]



ခွေးရဲ့နားရွက်ပေါ်မှာ ဦးထုပ်ဆောင်းထားတဲ့ပိုင်ရှင်ကို မြင်ရပါမယ်။
စာအုပ်ကို (၉၀) ဒီဂရီ ထောင်လိုက်ပါ။

# မြေခွေး ဘယ်မှာလဲ



အမဲလိုက်ခွေးတွေနဲ့အတူ အမဲလိုက်နေတဲ့ မုဆိုးက မြေခွေး တစ်ကောင်ပျောက်လို့လိုက်ရှာနေတယ်။ မျက်စိရှေ့တင် ပျောက်သွားတယ် ဆိုပဲ။ ကူရှာပေးလိုက်ကြပါဦး။ [နောက်စာမျက်နှာကိုကြည့်ပါ။]

# မြေခွေးတွေ့ပြီ



မြေခွေးက သစ်ပင်ပင်စည်မှာ ကပ်ပြီး ပုန်းနေတာကိုး။
[စာအုပ်ကို ဘေးတိုက်ကိုင်ကြည့်ပါ။]

# ကိုနောက်ပိုး



ပြူတင်းပေါက်မှာ လေညှင်းခံနေတဲ့ သမီးပျိုကလေးကို ပုန်းလျှိုး
ကွယ်လျှိုးနဲ့ နောက်ပိုးနေတဲ့ လုလင်ပျိုကို တွေ့ပါသလား။
[နောက်စာမျက်နှာကိုကြည့်ပါ။]

# ကိုနောက်ပိုး
## [အဖြေ]



ကိုနောက်ပိုးက ခြံတိုးနေတာကိုး။

# ပျောက်သောမြင်း ရှာလျှင်တွေ့



မြင်းပိုင်ရှင်က သူ့မြင်းပျောက်လို့ လိုက်ရှာနေသတဲ့။ ကူရှာပေး လိုက်ကြပါဦးကွယ်။ [နောက်စာမျက်နှာကိုကြည့်ပါ။]

## ပျောက်သောမြင်း ရှာလျှင်တွေ့
## [အဖြေ]




ပျောက်နေတဲ့မြင်းကို မြင်းပိုင်ရှင်ရဲ့ ယာဘက်လက်မောင်းပေါ်မှာ မြင်နိုင်တယ်။ [စာအုပ်ကို ယာဘက်သို့ (၉၀)ဒီဂရီလှည့်လိုက်ပါ။]


# သုံးဘက်မြင်
# 3D ရုပ်ကြွပုံဆန်းများ

# ချစ်သူအတွက် ပန်းလက်ဆောင်


● ●

[illegible]






မိခင်ကိုတမ်းတနေတဲ့ ဝံပုလွေပေါက်စ




မိုးမြင့်မောင်နဲ့ ဆက်သွယ်ချင်ရင် ဒါကိုသုံးပါ




နံပါတ်ကတော့ – ၅၁၆၅၄၈ ပါ ။ လက်ကိုင်ဖုန်းကတော့ – ၀၉–၉၉–၇၂၇၈၃ တဲ့။


သုတဘဏ်ကို ဖွင့်မယ့် သော့ကလေးပါလား



## Oliver Kahn ဆိုတဲ့ ဂိုးသမားလေလား




ယုန်ကလေးက နားရွက်ထောင် ပညာရှိယောင်ဆောင်




ကြောင်မရှိခိုက် ကြွက်ထ


● ●



ဆင်လိပ်ပြာကြီး လှမှလှ



# သုံးဘက်မြင်ရုပ်ကြွပုံဆန်းများ အဖြေ




# မဖြစ်နိုင်ဘူး

# ခရစ္စမတ်မှာ တန်ဆာဆင်ဖို့ မပြင်နဲ့




ခရစ္စမတ်သစ်ပင်ကို အမှတ်တမဲ့ကြည့်လိုက်ရင် ဖြစ်နိုင်တယ်လို့ ထင်ရပေမယ့် သဘာဝမကျလွန်းပါဘူး။

# တည်ဆောက်ပေးပါ




နာရီရှေ့က အဖြူရောင်ပစ္စည်းကလေး လိုချင်လိုက်တာ။
[မလိုချင်နဲ့ဗျို့။ ဒီပစ္စည်းမျိုးကို ဘယ်ပညာရှင်မှ မလုပ်နိုင်လို့ပါ။]

# မဖြစ်နိုင်တဲ့ ကျောက်တုံးကြီးများ




အင်္ဂလန်နိုင်ငံ Salisbury ဒေသမှာ Stonehenge ဆိုတဲ့ ကျောက်တုံးတွေရှိတယ်။ ပုံထဲက Stonehenge ကတော့ ဒီကမ္ဘာမှာလုံးဝမရှိပါ။ [သူ့ဘာဝမကျလွန်းလို့ပါ။]

# နောက်ဆုံးပေါ်ခါတ်ပုံမှန်ဘောင်လေလား




ဟောဒီဓါတ်ပုံမှန်ဘောင်တွေ တည်ဆောက်နိုင်တဲ့သူလုံးဝမရှိပါ။

ဒီလိုရေခဲချောင်းမျိုးလုပ်နိုင်ရင်တော့ အိုကေပဲ



ဒီရေခဲချောင်းပုံ ပစ္စည်းကိုလည်း ပြုလုပ်နိုင်သူမရှိပါ။

# အဆုံးမဲ့လှေကား



ဒီလူငယ်ကလေး(၅)ဦးဟာ ပုံထဲက လှေကားကို တက်နေတာ ဘယ်တော့များထိပ်ကို ရောက်ကြမှာပါလိမ့်။ ဘယ်တော့မှ ရောက်မှာမဟုတ်ပါဘူး။

# ကိုင်နိုင်သော်လည်းမတည်ဆောက်နိုင်




ဒီလူကိုင်ထားတဲ့ပစ္စည်းကို ပြုလုပ်နိုင်သူမရှိဘူး။ ရှိရင် ဆုချီးမြှင့်ထိုက်တယ်။

# ရူပါဗိသုကာ အလိုရှိသည်



ပုံထဲက အဆောက်အဦးကို တည်ဆောက်နိုင်ဖို့ ဆိုရင်
ရူပါဗိသုကာမှ ဖြစ်မှာ။



ပုံမှာထူးဆန်းတဲ့အဝေးကြည့်မှန်ပြောင်းတစ်လက်ကို မြင်ရမယ်။ ထူးဆန်းမှာပေါ့ ....ဖြစ်မှ မဖြစ်နိုင်တာ။

# ထူးဆန်းသောလှေကား



ဒီလူနှစ်ယောက်က လှေကားတက်နေတာလား။
ဆင်းနေတာလား။
[မဖြစ်နိုင်တဲ့လှေကားကိုတက်နေတာကိုး။]

# မဖြစ်နိုင်သော ပစ္စည်းများ



ဒီပုံမှာ အမှား ငါးခုရှိတယ်။ ရှာကြည့်ပါဦး။ မတွေ့ရင်တော့ ထုံးစံအတိုင်းပဲပေါ့။ အဖြေကိုကြည့်လိုက်ပါ။

[ခက်ရင်း၊ ခွက်ရဲ့လက်ကိုင်၊ ဝိုင်ဖန်ခွက်တွေရဲ့အနေအထား၊ ဆေးလိပ်ပြာခွက်၊ စီးကရက် တို့ဖြစ်တယ်။]



# ဇောက်ထိုးမိုးမျှော်

# မျက်နှာကြီးသောဝါရှင်တန်



ပထမဆုံးအမေရိကန်သမ္မတ "ဂျော့ချ်–ဝါရှင်တန်"နဲ့ သူ့ဇနီး "မာရ်သာ"တို့ ပြူတင်းပေါက်ကနေ အပြင်ဘက် စစ်သားတွေ ချီတက်နေတာ မျှော်ကြည့်နေပုံကို မြင်ရမယ်။ ဂျော့ချ်–ဝါရှင်တန်ရဲ့ နောက်ထပ်မျက်နှာတစ်ခုရော မြင်သလား။ [စာအုပ်ကို ဇောက်ထိုးကိုင်ကြည့်ပါ။]

## ဟယ်ရီပေါ်တာအချစ်တော်များ




ကလေးသရုပ်ဆောင် "ဟယ်ရီပေါ်တာ" အား ရှုမဝသူများ စာအုပ်ကို ဖောက်ထိုးမိုးမျှော်ကိုင်ကြည့်ပါ။ ဟယ်ရီပေါ်တာကို ထပ်တွေ့ရမယ်။

# ပိုင်ရှင်ရှိသည်

ဟောဒီသစ်သီးတွေရဲ့ပိုင်ရှင်ကို သိချင်ရင် စာအုပ်ကို ဇောက်ထိုး ကိုင်ကြည့်ပါ။



အဲဒီအသီးတွေကို ကျုပ်ပိုင်တာဗျို့။

## ငယ်ငယ်တုန်းကဆို မော်ဒယ်လ်တွေ ရှုံးခဲ့ရ



ဒီဖွားဖွား ငယ်ငယ်တုန်းက ဘယ်လောက်ချောသလဲဆိုတာ
သိချင်ရင် စာအုပ်ကို ဇောက်ထိုးကိုင်ကြည့်ပါ။

# ကယ်ကြပါဦးဗျို့

[ဟင်း ... တော်ပါသေးရဲ့။]



ရေနစ်လို့ "ကယ်ကြပါအုံး" လို့အော်နေတဲ့လူ ရေမနစ်ရအောင် စာအုပ်ကို ဇောက်ထိုးကိုင်ကြည့်ပါ။

## မဲ့နေသူကို ပြုံးစေအံ့



မဲ့နေတဲ့လူကို ပြုံးစေချင်ရင် စာအုပ်ကို ဇောက်ထိုး ပြောင်းကိုင်လိုက်ပါ။

# အစားအသောက်ကို မက်လွန်းတဲ့ဝက်ကလေး



အွန္တရာယ်ကို ကြိုမမြင်ဘဲ ရေကိုအငမ်းမရသောက်နေတဲ့ ဝက်ငယ်ကလေး အခုတော့ အွန္တရာယ်နဲ့ကြုံရပြီပေါ့။ [စာအုပ်ကို ပြောင်းပြန်လှန်ကြည့်ပါ။ တကယ်ကိုက်ဖြတ်မယ့် ငါးမန်းကြီး တွေ့တယ် မဟုတ်လား။]

# အဖမ်း လွန်လေတော့

[ဟိုက် ... ငါးကြီး အပေါ်တက်ကပ်သွားပြီဟ။]



ဒီလူငယ်ကလေး ငါးတစ်ကောင်မိပြီဆိုပြီး ဆွဲတင်လိုက်တာ ဘာများဖြစ်သွားပါလိမ့်။ [စာအုပ်ကို ပြောင်းပြန်ကိုင်ကြည့်ပါ။]

# ထူးဆန်းသော ပန်းချီကားများ

# ပန်းချီဆရာ "ဒါလီ"



စာဖတ်နေတဲ့အမျိုးသမီးရဲ့ပုံကိုရေးဆွဲတဲ့ ပန်းချီဆရာ "ဒါလီ" (Dali)ကို မြင်ပါသလား။ [အမျိုးသမီးရဲ့ဦးခေါင်းက ပန်းချီဆရာရဲ့ မျက်လုံး၊ အမျိုးသမီးရဲ့ ခန္ဓာကိုယ်က ပန်းချီဆရာရဲ့ နှာခေါင်းဖြစ်တယ်။]

# ပန်းချီခန်းမ



လူပုဂ္ဂိုလ်တစ်ဦးရဲ့ မျက်နှာလို့ ထင်ရပေမယ့် တကယ်တော့ ပန်းချီခန်းမ တစ်ခုရဲ့ ပုံ ဖြစ်ပါတယ်။

# ရှုခင်းထဲက သံစုံတီးဝိုင်း



ဒီလှပတဲ့သဘာဝရှုခင်းပန်းချီကားထဲမှာ သံစုံတီးဝိုင်း (Orchestra) တစ်ခုတွေ့လား။ နောက်ဘက်ကတောင်တွေကို အသေအချာကြည့်ပါ။

# သူဘယ်မှာလဲ



ပုံထဲက အမျိုးသမီးကြီးဟာ သူ့ချစ်သူပျောက်လို့ လိုက်ရှာနေတယ်တဲ့။ ပန်းချီကားကို ခပ်လှမ်းလှမ်းကနေကြည့်ရင် မျက်နှာကြီး တစ်ခုလုံးကို တွေ့နိုင်ပါတယ်။

# ထူးဆန်းသော ကျွန်းကလေး



(၁၈)ရာစုကဆွဲထားတဲ့ပန်းချီကားမှာ ရေပတ်လည်ဝိုင်းတဲ့ တောင်ကုန်းကလေးနှစ်ခုကို မြင်ရတယ်။ ကွေးကွေးလေး အိပ်နေတဲ့ ခွေးနှစ်ကောင်ရော မမြင်ဘူးလား။
[တောင်ကုန်းတွေဟာ ခွေးတွေရဲ့ ခန္ဓာကိုယ်တွေဖြစ်တယ်။]


# အိမ်ထောင်ဘက် ဆိုသည်မှာ



အိမ်ထောင်မပြုမီ ပြုံးပြုံးရွှင်ရွှင် တွေ့ရတဲ့ ချစ်သူနှစ်ဦး အိမ်ထောင်ပြုပြီးတော့ ဘယ့်နှယ့်ရှိစ။ စာအုပ်ကို ပြောင်းပြန်ကိုင်ကြည့်ပါ။


# သတိ
# မျက်စိလည်မယ်

# လေထဲမြောက်နေသော ဘောလုံးများ




ဒီစာမျက်နှာမှာရှိတဲ့ ကျားကွက်ပေါ်က ဘောလုံးတွေနဲ့ ဟိုဘက်စာမျက်နှာမှာရှိတဲ့ ကျားကွက်ပေါ်က ဘောလုံးတွေ ဘာကွာသလဲ။ ဟိုဘက်က ဘောလုံးတွေက လေထဲမြောက်မနေဘူးလား။

# လေထဲမြောက်နေသော ဘောလုံးများအဖြေ




ဟုတ်တယ်လို့ ဖြေရင်မှားမယ်။ ဘောလုံးတွေဟာ လေထဲမြောက်မနေဘဲ ကျားကွက်ဘုတ်ပြားနဲ့ ခါတိုင်းလိုပဲ ထိစမြဲပါ။ ဘောလုံးတွေရဲ့ အရိပ်အကွက်တွေကိုပဲ နေရာရွှေ့ထားတာဖြစ်ပါတယ်။

# သက်ဝင်လှုပ်ရှားနေသောရေတံခွန်



ဒီပုံရဲ့အလယ်ကို ပုံမှန်ကလေးပဲကြည့်ပါ။ အလယ်က ရေတွေ အောက်ဘက်ကိုဖြည်းဖြည်း ရွေ့နေပြီး ဝဲအစွန်နဲ့ယာအစွန်က ရေတွေအပေါ်ကို ဖြည်းဖြည်းရွေ့နေတာ မြင်ရမယ်။ [မမြင်သေးရင် မျက်စိကို ဝဲယာနည်းနည်း ရွေ့ကစားကြည့်ပါ။]

# စားလို့မရတဲ့အသီး



ဒါဟာ အသီးတော့အသီးပဲ ဒါပေမဲ့ စားလို့မရဘူးတဲ့။ ထောင့်တစ်မျိုးက မြင်ရတဲ့ပုံဖြစ်လို့ အဖြေမှန်းရခက်နေပြီလား။ ဒီအသီးဟာ အမှောင်ခွင်းပြီး အလင်းဆောင်ပါတယ်။

[။ငှကယုဂှဩးှဂွှယဖ်ဲခဃေ ဖုးငွှးဗွ]

# သူကပြုံးလို့




ဝဲဘက်က "မိုနာလီဇာ"နဲ့ ယာဘက်က "မိုနာလီဇာ"ကို ယှဉ်ကြည့်ပါ။ ဝဲဘက်က "မိုနာလီဇာ"က ပြုံးနေပြီး၊ ယာဘက်က "မိုနာလီဇာ"ကတော့ မဲ့ရွဲ့ပြီး ရုပ်ဆိုးဆိုးကြီးဖြစ်နေတာ တွေ့ရမယ်။

# သူကမဲ့ လို့




စာအုပ်ကို အပေါ်အောက် ဇောက်ထိုးကိုင်ပြီး ပြန်ကြည့်ပါ။
"မိုနာလီဇာ"နှစ်ယောက်စလုံး ပြုံးနေတာတွေ့ရမယ်။

# သက်ဝင်လှုပ်ရှား စမ်းချောင်းကလေးများ



ကွေ့ကွေ့ကောက်ကောက် မျဉ်းကွေးကလေးတွေကို
ခဏစိုက်ကြည့်နေရင် ရေစီးနေတဲ့စမ်းချောင်းကလေး
တွေလို သက်ဝင်လှုပ်ရှားနေတာ မြင်ရမယ်။

## သင်္ချာ ပါရဂူ လာကူလှည့်ပါ




ဒီဂဏန်းသင်္ချာပေါင်းလဒ်ဟာ ငြင်းစရာမရှိလောက်အောင် မှန်ပါတယ်။ သင်္ချာပါရဂူကို စစ်ကူတောင်းဖို့မလိုပါဘူး။ ကြေးမုံပြင်တစ်ချပ်ပဲလိုတာပါ။ မှန်ထဲထောင်ကြည့်ရင် **NINE+ ONE+EIGHT=EIGHTEEN** ဆိုတာမြင်ရမယ်။

မပြောင်းလဲတဲ့ စာလုံး

# CHOICE

# QUALITY

စာအုပ်ကို ပြောင်းပြန်ကိုင်ပြီး ကြေးမုံပြင်ထဲထောင်ကြည့်ရင် **QUALITY** စာလုံးပဲ ဘက်ပြောင်းပြီး၊ **CHOICE** ကတော့ လုံးဝမပြောင်းတာ အံ့ဩစွာတွေ့ရမယ်။

# ကော်ဖီ ကြိုက်တဲ့ မျက်နှာ




ပုံထဲမှာ ကော်ဖီစေ့တွေ အများကြီးတွေ့ရမယ်။ ဒါပေမဲ့ အဲဒီကော်ဖီစေ့တွေကြားထဲမှာ ကော်ဖီအလွန်ကြိုက်တဲ့ လူတစ်ယောက်ကိုမြင်လား။

[ပုံရဲ့အောက်ဝဲဘက်နားလောက်မှာ မြင်ရမယ်။]

# ဪ ...ဒါလား


"ဩော် ... ဒါလား"ကဏ္ဍမှာ ဖော်ပြထားတဲ့ပုံတွေကတော့ အနီးကပ်မြင်ကွင်းတွေဖြစ်ပါတယ်။ ဘာပုံတွေလဲဆိုတာ ဖြေပေးပါ။ မှန်းဆရလွယ်အောင် ပုံတစ်ပုံစီအတွက် ဖြစ်နိုင်ဖွယ် အဖြေသုံးခုစီပေးထားပါတယ်။ ဖြစ်နိုင်ဖွယ်အရှိဆုံးအဖြေကို ရွေးပေးပါ။ အဖြေမှန်တွေကို ပုံတွေအားလုံးရဲ့ နောက်ဆုံးမှာ ဖော်ပြထားပါတယ်။

[၁]




(က) ဘေ့စ်ဘောလ်
(ခ) တင်းနစ်ဘောလုံး
(ဂ) ဝက်ဝံနှာခေါင်း

[၂]



(က) ကြယ်သီးများ
(ခ) ကြမ်းပိုးများ
(ဂ) ဝက်များ

[၃]



(က) မစ်ကီးမောက်စ်

(ခ) သရဖူ


(ဂ) အဆိုတော် ဒေါ်လီပါတန်

[၄]




(က) စုန်းမ
(ခ) နှင်းဆီအဆူး
(ဂ) ကြဲ

[၅]




(က) ခြေဖျားများ
(ခ) ခြစ်စည်းရိုး
(ဂ) ဇီးကွက်နားရွက်

[၆]



(က) မြွေ
(ခ) ဆိုင်းဘုတ်
(ဂ) တီကောင်

[၇]




(က) ခူကောင်

(ခ) ဝက်မှင်ဘီး

(ဂ) မျက်ခုံးမွေး

[၈]



(က) ချကလီးယားပေါက်ကွဲမှု
(ခ) ကော်ဖီပန်း
(ဂ) စားဖိုမှူး ဦးထုပ်

# သြော် ... ဒါလား အဖြေများ



၁။ ဝက်ဝံနှာခေါင်း




၂။ ဝက်များ



၃။ သရဖူ



၄။ ကြ



၅။ ခြံစည်းရိုး




၆။ ဆိုင်းဘုတ်



၇။ မျက်ခုံးမွေး



၈။ စားဖိုမှူးဦးထုပ်

# သဘာဝ
# သိန်းငှက်မျက်လုံးများ

နေ့စဉ် ထိတွေ့နေရတဲ့ ပတ်ဝန်းကျင် သဘာဝပစ္စည်း တွေမှာ လည်း စက္ကူသွေ့ဖယ်မှုတွေ အများကြီးရှိပါတယ်။ ဥပမာ– မိုးကောင်းကင် ထဲက တိမ်တိုက်တွေကို လှမ်းကြည့်လိုက်ရင် နတ်သမီးလိုလို၊ ပန်းကန် ပြားပျံလိုလို၊ လူမျက်နှာလိုလို အမျိုးမျိုးမြင်ရတတ်ပါတယ်။ ဒီစာအုပ်ထဲမှာတော့ သဘာဝ အလျောက်ဖြစ်ပေါ်လာတဲ့ ပုံဆန်းတွေကို ဗဟုသုတအလို့ငှါ ဖော်ပြလိုက်ပါတယ်။

# လကမ္ဘာပေါ်က လူမျက်နှာ



ဒီပုံကတော့ လကမ္ဘာပေါ်မှာမြင်ရတဲ့ လူမျက်နှာပုံ ကျောက်တုံး ဖြစ်ပါတယ်။ အဲဒီဓာတ်ပုံကို Voyager 1 အာကာသယာဉ်က ၁၉၇၁ ခုနှစ်မှာ ရိုက်ယူခဲ့ခြင်းဖြစ်ပါတယ်။

## မီးခိုးလုံးထဲက ကြောက်မက်ဖွယ်မျက်နှာ



(၂၀၀၁)ခုနှစ်၊ စက်တင်ဘာလ(၁၁)ရက်နေ့က အမေရိကန်နိုင်ငံ World Trade Center အဆောက်အဦးကြီး ကြမ္မာဆိုးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီအဆောက်အဦးကြီး မီးလောင်ပျက်စီးနေပုံကို ဓာတ်ပုံဆရာတစ်ဦးက မှတ်တမ်းတင်ရိုက်ကူးခဲ့တယ်။ ဓာတ်ပုံကို ဆေးလိုက်တဲ့အခါ မီးခိုးလုံးထဲမှာ ကြောက်မက်ဖွယ်ကောင်းတဲ့ နတ်ဆိုးမျက်နှာကို ကြောချမ်းဖွယ်တွေ့လိုက်ရတယ်။

# အဝေးကိုငေးနေတဲ့မျက်နှာ



ဟောဒီသဘာဝမိုးတိမ်တွေကို အပျော်တမ်းဓာတ်ပုံဆရာ တစ်ယောက်က ရိုက်ယူခဲ့ခြင်းဖြစ်ပါတယ်။ အဝေးကိုငေးနေတဲ့ လူမျက်နှာကြီးတစ်ခု တွေ့မိမှာပေါ့။

# လူနီလူရိုင်း ကျောက်တုံး



ကော်လိုရာဒို ပြည်နယ်မှာရှိတဲ့ ကျောက်တုံးတစ်တုံးကို ဓာတ်ပုံရိုက်ထားခြင်းဖြစ်ပါတယ်။ Red Indian ခေါ် "လူနီလူရိုင်း" ကျောက်တုံးလို့ နာမည်ပေးထားပါတယ်။

# ကောင်းကင်ထဲက ပန်းကန်ပြားပျံ



အမေရိကန်နိုင်ငံ၊ အိုဟိုင်းအိုးပြည်နယ်မှာရှိတဲ့ လူနေအိမ်အချို့ရဲ့နောက်မှာ အခြားဂြိုဟ်ကလာတဲ့ ပန်းကန်ပြားပျံလိုလို အရာဝတ္ထုတစ်ခု ရေးရေးလေးပေါ်နေဘူးလား။ အဲဒါ ပန်းကန်ပြားပျံမဟုတ်ပါဘူး။ တိမ်တိုက်ဖွဲ့စည်းမှုတစ်ခုသာ ဖြစ်ပါတယ်။

## ရေခဲထဲကနဂါး



တရုတ်နိုင်ငံက ရေခဲလိုဏ်ဂူတစ်ခုအတွင်းက ရေခဲတုံးအချို့ကို ရေဆေးလိုက်တဲ့အခါ အခုလို တရုတ်နဂါးပုံပေါ်တဲ့ ရေခဲတုံးကြီးကို ရလာပါတယ်။

# မယုံရင် စမ်းကြည့်...

YELLOW ORANGE BLUE
RED GREEN BLACK RED
YELLOW PURPLE YELLOW
ORANGE GREEN

ဖော်ပြထားသော စာလုံးများကို မဖတ်ဘဲ
စာလုံး၏အရောင်များကို ဖတ်ကြည့်ပါ။
လွယ်လိမ့်မည် မထင်။ မယုံလျှင် စမ်းကြည့်ပါ။